NATIONAL LEAGUE FOR DEMOCRACY
ဗဟိုဌာနချုပ်

# အမျိုး သား ဒီ မို က ရေ စီ အ ဖွဲ့ ချုပ်

## ဗဟိုအလုပ်အမှုဆောင်အဖွဲ့


အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့


ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၈)ရက်

### ကြေညာချက်အမှတ် ၂/၀၄/၂၀၂၁

၁။ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) က အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းကြောင်း ကြေညာခြင်းသည် နိုင်ငံတော်၏ ပြည်ထောင်စု သွေးချင်းညီနောင်များအားလုံး၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော်ဆောင်ပြီး စစ်အာဏာရှင်စနစ် အောက်မှ လွတ်မြောက်ရေး ကြိုးပမ်းတိုက်ပွဲဝင်နေကြသူအားလုံးအတွက် ခွန်အားဖြစ်သဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က နှစ်ထောင်းအားရ ကြိုဆိုပါသည်။

၂။ (CRPH) က ထုတ်ပြန်ခဲ့သော ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ပါ ဦးတည်ချက်များ၊ ရည်ရွယ်ချက် များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြေညာစာတမ်းတွင် ထုတ်ပြန် ကြေညာခဲ့သော ဦးတည်ချက်များနှင့် လိုက်လျောညီထွေရှိသော မူဝါဒများ ဖြစ်သဖြင့် ယင်းပဋိညာဉ်အရ ဖွဲ့စည်းသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အလေးအနက်ထောက်ခံပါသည်။

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ယနေ့ပြည်သူများ နေ့စဉ်နှင့်အမျှ ခါးသီးစွာရင်ဆိုင်နေကြရ သော တရားမဝင် အာဏာသိမ်းစစ်ကောင်စီ၏ ဖမ်းဆီး၊ သတ်ဖြတ်၊ ဖိနှိပ်၊ ညှဉ်းပန်း၊ နှိပ်စက်၊ လုယက် ၊ ဖျက်ဆီးခြင်းနှင့် အနိုင်ထက်ပြုနေခြင်းများမှ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ပြည်ထောင်စု သွေးချင်းညီနောင်များနှင့်အတူ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) ကို ဝန်းရံပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(၁၈.၄.၂၀၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သောဗဟို/တိုင်းဒေသကြီး/ပြည်နယ်အစည်းအဝေးဆုံးဖြတ်ချက်အရ)

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်